## တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ




တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးအကြီးအမှူးတို့သည် မုံရွာမြို့၊ မုံရွာကုန်စည်ဒိုင် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ကုန်သည်၊ ပွဲစား၊ စက်ပိုင်များ မဟာကထိန်တော်အသင်း တွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်ပြီး ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား လွှတ်တော်ဆိုင်ရာအတွေ့အကြုံများရှင်းလင်းခြင်းနှင့် တက်ရောက်လာသူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆွေးနွေးခဲ့ကြပါသည်။

---





တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံပွဲအခမ်းအနားကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြသလ္လာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။



# စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

## လွှတ်တော်သတင်းလွှာ



၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ ၃၀ – ၄ – ၂၀၂၆ ( ကြာသပတေးနေ့ ) အတွဲ( ၁ )၊ အမှတ်( ၁ )

## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့) တက်ရောက်ရန် လွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးနေစဉ်






## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့) ကျင်းပ




*တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ကို ( ၂၀ - ၃ -၂၀၂၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၆၄)ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၂၁)ဦး စုစုပေါင်း ( ၈၅) ဦးတို့ တက်ရောက်ကြပါသည်။*




**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး၊ ရုံးအကြီးအမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သူရက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ခြင်း**

*တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့) တွင်* စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး၊ ရုံးအကြီးအမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သူရက ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(က)အရ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ခဲ့ပါသည်။





## တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ





တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် လွှတ်တော်ကိုယ်စားလှယ်များကို တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာများ၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းအခြေအနေများ ရှင်းလင်းတင်ပြခဲ့ပါသည်။



တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် လွှတ်တော်ရုံးအကြီးအမှူးတို့သည် လွှတ်တော်ရုံး၌ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်သို့ အဆို၊ မေးခွန်းများ တင်သွင်းမေးမြန်းရာတွင် အထောက်အကူဖြစ်စေရန် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်တို့သည် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့်အခွင့်အရေးဆိုင်ရာကော်မတီ၊ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီတို့မှ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့် တွေ့ဆုံ၍ ရှေ့ဆက်လုပ်ဆောင်ရမည့် ကော်မတီလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။



## တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ လုပ်ငန်းဆောင်ရွက်မှုများ




တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်အတူ မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း(၃)ကျောင်းသို့ ဆွမ်း၊ ဆန်၊ ဆီ၊ သကြားနှင့်၊ ဝတ္ထုငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။



စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် အန္တရာယ်ကင်း ပရိတ်တရားနာယူခြင်းနှင့် နေ့ဆွမ်းကပ်လှူဒါန်းခြင်း အခမ်းအနားကို လွှတ်တော်ရုံး ဘုရားကျောင်းဆောင် ခန်းမ၌ပြုလုပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ တက်ရောက်ပြီး ပရိတ်တရားတော်များ နာယူခဲ့ကြပါသည်။




တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်တို့သည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား "ခရိုင်ပေါင်းစုံ အသက်(၁၈)နှစ်အောက်အမျိုးသားဘောလုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။







နန်းယွန်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းက သဘာပတိအဖြစ်ဆောင်ရွက်နေစဉ်

### သဘာပတိရွေးချယ်တင်မြှောက်ခြင်း

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅ အရ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ သဘာပတိရွေးချယ်တင်မြှောက်ရန်အတွက် အမည်စာရင်းတင်သွင်းရာတွင် တင်သွင်းခံရသူ(၁)ဦးတည်းဖြစ်သည့်အတွက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၇) နည်းဥပဒေခွဲ (စ) အရ နန်းယွန်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအား စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် သဘာပတိအဖြစ် တင်မြှောက်ခဲ့ပါသည်။

ထို့နောက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆ အရ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။

### လွှတ်တော်တာဝန်(၃)ရပ်

၁။ ဥပဒေပြုခြင်း

၂။ စောင့်ကြည့်ထိန်းညှိခြင်း

၃။ ကိုယ်စားပြုခြင်း

### သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

သဘာပတိက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ယခုကျင်းပ ပြီးစီးခဲ့တဲ့ ၂၀၂၅ ခုနှစ်၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ပါဝင်ခဲ့ကြတဲ့ မဲဆန္ဒရှင်ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ နှင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် သဘာပတိတာဝန်ကို ဥပဒေ၊ နည်းဥပဒေများအတိုင်း အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကတိပြုပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများ အားလုံးကလည်း မိမိတို့၏တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ဖို့ အလေးအနက် သန္နိဋ္ဌာန်ချထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ် များထဲကပင် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့ကို ရွေးချယ်တာဝန်အပ်နှင်း ရမှာဖြစ်ပြီး နိုင်ငံတော်နှင့်ပြည်သူအတွက် ကောင်းမွန်တဲ့အနာဂတ်ကို ဖော်ဆောင်ပေး နိုင်မည်ဟုလို့ ယုံကြည်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင်ယနေ့တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမ ပုံမှန်အစည်းအဝေးမှာ နိုင်ငံရေးပါတီ(၆)ခုမှ အရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် (၆၄)ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၂၁)ဦး စုစုပေါင်း(၈၅)ဦး တက်ရောက် ကြပါကြောင်း ဒေသအကျိုး၊ ပြည်သူ့အကျိုးလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဟာ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲ ပုဂ္ဂိုလ်စွဲမထားဘဲ ပြည်သူအားကိုးအားထားရတဲ့ လွှတ်တော်ကြီးဖြစ်ဖို့ လွှတ်တော် ကိုယ်စားလှယ်များဖြစ်ဖို့ တစ်ညီတစ်ညွတ်တည်း ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြား ခဲ့ပါသည်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း



၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)အရ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုပြီးနောက် ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပါသည်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်း



၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(ခ)အရ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား တာဝန်ပေးအပ်ထားသည့် လဟယ်မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးထန်ငူက ယနေ့အစည်းအဝေးတွင် ခွင့်ပန်ကြားသူ တစ်ဦးမျှ မရှိပါကြောင်း တင်ပြချက်အား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး အတည်ပြုမှတ်တမ်း တင်ခဲ့ပါသည်။





## စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း



စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်အမှာစကားပြောကြားနေစဉ်

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက် အမှာစကား ပြောကြားရာတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ပထမပုံမှန် အစည်းအဝေးသည် (၂၀-၃-၂၀၂၆)ရက်နေ့မှ စတင်ခဲ့ပြီး (၁၀-၄-၂၀၂၆) ရက်နေ့ အတွင်း (၇)ရက်ကြာ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် သဘာပတိရွေးချယ်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌရွေးချယ်ခြင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးချယ်ခြင်းနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်မည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးများ၊ တိုင်းဒေသကြီးအဖွဲ့အစည်းဝင်များဖြစ်သည့် တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊ တရားစီရင်ရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်ရမည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီး(၃)ဦးတို့ကိုလည်း တိုင်းဒေသကြီး လွှတ်တော်မှ ခန့်အပ်အတည်ပြုမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေနည်းဥပဒေတို့နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများဖြစ်သည့် လွှတ်တော်ရေးရာ ကော်မတီများဖြစ်သော တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေး ဆိုင်ရာကော်မတီ၊ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ စသည့်ကော်မတီ(၆)ခုကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ခဲ့ပါကြောင်း၊ နောင်ကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးတွင်လည်း ဖွဲ့စည်းရန်ကျန်ရှိနေသေးသည့် လွှတ်တော်ရေးရာကော်မတီများကို ထပ်မံတိုးချဲ့ဖွဲ့စည်းပြီး လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပါဝင်နိုင်ရေးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင် တက်ရောက်ခဲ့ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေး ကာလအတွင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စိတ်တူကိုယ်တူစည်းစည်းလုံးလုံး ရင်းနှီးချစ်ခင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် လွှတ်တော်ပထမပုံမှန် အစည်းအဝေး၏လုပ်ငန်းစဉ်များသည် အခက်အခဲမရှိ အဆင်ပြေချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တာကြောင့် ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် ကိုယ်စားလှယ်တော်ကြီးများ မိမိတို့ဒေသပြန်လည်ရောက်ရှိသည့် အခါ ဒေသတွင်းလိုအပ်ချက်များ တင်ပြလာကြမည်ဖြစ်ပါကြောင်း၊ အဆိုပါဒေသတွင်း လိုအပ်ချက်များကိုလည်း လာမည့်ဒုတိယပုံမှန်အစည်းအဝေးတွင် မေးခွန်း/အဆိုများ မေးမြန်းတင်သွင်းကြရန်နှင့် နောင်ကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးတွင်လည်း ယခုလို ကျန်းမာချမ်းသာစွာနှင့် စုံစုံညီညီ ပြည်လည်တက်ရောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးခဲ့ပါသည်။

### တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ မိန့်ခွန်းအား လွှတ်တော်တွင် မှတ်တမ်းတင်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးကိုလေးပြောကြားသည့် မိန့်ခွန်းအား လွှတ်တော်တွင် မှတ်တမ်းတင်ရန်အတွက် သဘောထားရယူရာ သဘောတူသည့်အတွက် မှတ်တမ်းတင်ကြောင်း ကြေညာပါသည်။

[တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို (၁၀း ၅၀)နာရီအချိန်တွင် ရပ်နားပါသည်]

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေးအောင်မြင်စွာပြီးမြောက်ခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးကိုလေးမှ မိန့်ခွန်းပြောကြားခြင်း



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးကိုလေးမှ မိန့်ခွန်းပြောကြားနေစဉ်

ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ဖို့၊ တည်ငြိမ်အေးချမ်းဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် လေးလေးနက်နက် ယုံကြည်ခံယူပြီး အမျိုးသားရေးဝါဒအဖြစ် ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားရေးမူဝါဒ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပြည်သူများအတွင်း စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားနေရန် အဓိကလိုအပ်တယ်လို့ ယုံကြည်ပါကြောင်း၊ မှန်ကန်သည့်မူဝါဒ၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ လက်တွေ့ကျသည့် လုပ်ငန်းစဉ်များနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ဖော်ဆောင်ပေးနိုင်မည်လို့ မိမိဦးဆောင်သည့် အစိုးရအဖွဲ့က အလေးအနက်ယုံကြည်ပါကြောင်း၊ နိုင်ငံကို ခေတ်မီ၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာတွင် လူ့စွမ်းအား အရင်းအမြစ်ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ များစွာလိုအပ်ပါကြောင်း၊ အနာဂတ်ကာလအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် မဖြစ်မနေလုပ်ရမည့်အချက်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် ပြည်သူများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသထိရောက်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးသည်လည်း အဓိကကျသည့်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း စီးပွားရေးအတွက် အခြေခံကောင်းများရှိပြီးဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကလုပ်ကိုင်ကြပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် မြေများလုံလောက်စွာရှိပြီးဖြစ်ပါကြောင်း၊ ချင်းတွင်းမြစ်၊ မူးမြစ်၊ ဧရာဝတီမြစ်တို့သည် သဘာဝမှပေးထားသည့် အဖိုးတန် ရေအရင်းအမြစ်များဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ဆီထွက်သီးနှံဖြစ်သည့် နေကြာ၊ မြေပဲ၊ နှမ်း၊ အခြားသီးနှံများဖြစ်သည့် စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ကြံတို့ကိုလည်း အများအပြား စိုက်ပျိုးကြပါကြောင်း၊ ရွှေဘိုပေါ်ဆန်းမွှေးသည် မြန်မာတစ်နိုင်ငံလုံး ကျော်ကြားပါကြောင်း၊ စက်မှုကုန်ကြမ်းဖြစ်သည့် ဝါကိုလည်း အမြောက်အမြားစိုက်ပျိုးကြပြီး အထွက်တိုးအောင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒေသမှာ ထွက်ရှိသည့် ဝါးကုန်ကြမ်းမှလည်း လူသုံးကုန်၊ စက္ကူပျော့ဖတ်များ ပြုလုပ်နိုင်ပါကြောင်း၊ ပြည်သူများ ဝင်ငွေတိုးရန် စိုက်ဧကများတိုးချဲ့ခြင်း၊ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ခြင်း၊ အဆင့်မြင့်ကုန်ချောများ ပြုလုပ်နိုင်အောင် အားပေးကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့်အရင်းအနှီး မျိုး၊ မြေဩဇာ၊ စိုက်နည်းစနစ်များရရှိရေးကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နွား၊ ကျွဲ၊ ဆိတ်၊ သိုး၊ ဝက်၊ ဥစားကြက်၊ အသားတိုးကြက်၊ ငါးမွေးမြူရေးတို့ကိုလည်း အစာကျွေးစနစ်၊ ခြံလှောင်စနစ်များနှင့် စနစ်တကျမွေးမြူနိုင်အောင် အားပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နေ့စဉ်လူအများစားသုံးသည့် အသား၊ ငါး၊ ဥများ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် အဓိကလိုအပ်သည့် တိရိစ္ဆာန်အစာ ထုတ်လုပ်မှုကိုလည်း တိုင်းဒေသကြီးအတွင်း လုံလောက်အောင် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး အားပေးသွားမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့် MSME များကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစက်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းပေါများပြီး ဝင်ငွေများရရှိစေမည်ဖြစ်ပါကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ဒေသထွက်ကုန်ပစ္စည်းများ ပေါများလာမှာဖြစ်ပြီး လုပ်ငန်းရှင်များပါ ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားလောင်စာဆီ၊ ကုန်ကြမ်း ရရှိရေးကိုလည်း ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် တည်နေရာအရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကျန်တိုင်းဒေသကြီးများအကြား ရေကြောင်းလမ်း၊ ကားလမ်း၊ မီးရထားလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးအတွက် လမ်းဆုံနေရာတွင်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် နေရောင်ခြည်သုံးလျှပ်စစ်၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လမ်း/တံတား လုပ်ငန်းများ၊ ဆက်သွယ်ရေးကွန်ယက်များကို ပုဂ္ဂလိကကုမ္ပဏီများမှ ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်ရေး ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိဦးဆောင်သည့် အစိုးရအဖွဲ့အသစ်အနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကာ ဒေသတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစွမ်းကုန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဆင့်ဆင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ရင်းနှီးချစ်ကြည်စွာ လက်တွဲညီညီ ကြိုးပမ်းအားထုတ်ကြပါက အောင်မြင်မှုကို မလွဲမသွေရရှိမည်ဖြစ်ကြောင်း ဆန္ဒပြုပြောကြားခဲ့ပါသည်။





## တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၁၆ အရ ဥက္ကဋ္ဌလောင်းအဖြစ် မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင့်လှိုင်မြင့်ကို ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမင်းဇော်က အမည်စာရင်းတင်သွင်းပြီး ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးသက်ကိုကိုကျော်က ထောက်ခံတင်ပြပါသည်။ အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသည့်အတွက် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၁၇ အရ မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင့်လှိုင်မြင့်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိမှကြေညာပါသည်။

## တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၁၆ အရ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမျိုးသန့်ကို အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်ဝင်းက အမည်စာရင်းတင်သွင်းပြီး အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးနိုင်သန်းထွန်းက ထောက်ခံတင်ပြပါသည်။ အမည်စာရင်း တင်သွင်းခံရသူတစ်ဦးတည်းသာရှိသည့်အတွက် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ်၁၇ အရ ကန့်ဘလူမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမျိုးသန့်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိမှ ကြေညာပါသည်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့မှ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့်ကတိသစ္စာပြုလွှာတွင်လက်မှတ်ရေးထိုးခြင်း





ရွေးကောက်တင်မြှောက်ခံရသည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့သည် ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၈ အရ သဘာပတိ ရှေ့မှောက်မှာ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြုပြီးနောက် ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သဘာပတိက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း




၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၉ အရ သဘာပတိက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း



တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌအဖြစ် ကိုယ်စားလှယ်အားလုံးက ယုံကြည်စိတ်ချစွာ ရွေးချယ်တာဝန်ပေးအပ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မိမိတို့ တိုင်းဒေသကြီးအတွင်း ဒေသနှင့် ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များအတွက် လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက်အနေဖြင့် မလွဲမသွေ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ တာဝန်ကျေပွန်စွာ အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့ နိုင်ငံတော်အတွင်း နိုင်ငံရေး ဖြစ်စဉ်များကြောင့် လွှတ်တော်အားလုံးခေတ္တရပ်နားထားရာမှ နိုင်ငံတော်၏ တာဝန် အရပ်ရပ်ကို တာဝန်ယူခဲ့တဲ့ နိုင်ငံတော်အကြီးအကဲ၏ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ပေါ်ပေါက်လာအောင် ပြန်လည်ဖော်ဆောင်ပေးလိုတဲ့ ရည်ရွယ်ချက်၊ စေတနာတို့ကြောင့် မြို့နယ်ပေါင်း (၂၆၃)မြို့နယ်မှာ ရွေးကောက်ပွဲများကို နှောက်ယှက်ဖျက်ဆီးရန်ပြုလိုသူများ၏ အန္တရာယ်များကြားမှ အပိုင်း(၃)ပိုင်း ခွဲခြားပြီး အောင်မြင်စွာ ကျင်းပပြုလုပ်ပေးနိုင်ခဲ့တာ အားလုံးအသိဖြစ်ပါကြောင်း၊ လွှတ်တော် အစည်းအဝေးခန်းမအတွင်းမှာ နိုင်သူအကုန်ယူစနစ် (FPTP)၊ အချိုးကျကိုယ်စားပြု စနစ် MMV(PR) ရွေးကောက်ပွဲစနစ်တို့ဖြင့် အနိုင်ရရှိခဲ့တဲ့ နိုင်ငံရေးပါတီ(၆)ခုမှ အရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်(၆၂)ဦး၊ ချင်းနဲ့ရှမ်း တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်(၂)ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၂၁)ဦး၊ စုစုပေါင်း (၈၅)ဦးကို မြင်တွေ့ခွင့်ရသည့်အတွက် အထူးဝမ်းမြောက်မိပါကြောင်း၊ ယနေ့ အချိန်သည် မြန်မာ့နိုင်ငံရေးသမိုင်း၏ တတိယအကြိမ်မြောက် ဒီမိုကရေစီအသွင်ကူးပြောင်းရေး စာမျက်နှာအသစ် ထပ်မံဖွင့်လှစ်လိုက်ခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းနေထိုင်သည့် ပြည်သူလူထုက ဒေသအကျိုးနှင့် ပြည်သူလူထုအကျိုးစီးပွားတိုးတက်ဖို့အတွက် အမှန်တကယ်ဆောင်ရွက်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်ကြီးတွေကို ရဲရဲဝံ့ဝံ့ ရွေးချယ်ပေးလိုက်ပြီးဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ပြည်သူလူထု၏မေတ္တာ၊ စေတနာကို တန်ဖိုးထားအလေးထားသည့်အနေဖြင့် တာဝန်





## စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌတို့မှ ကတိသစ္စာပြုခြင်းနှင့်ကတိသစ္စာပြုလွှာတွင်လက်မှတ်ရေးထိုးခြင်း



တိုင်းဒေသကြီးလွှတ်တော်မှ သဘောတူ အတည်ပြု ခန့်အပ်ပြီးဖြစ်သည့် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး(၃)ဦးတို့သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀၊ နည်းဥပဒေ ၆၁ တို့နှင့်အညီ လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုပြီးနောက် ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးကိုလေးမှ မိန့်ခွန်းပြောကြားခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးကိုလေးက မိန့်ခွန်းပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ပြည်သူများက ယုံကြည်စွာ တစ်ခဲနက် ထောက်ခံဆန္ဒမဲပေး ရွေးချယ်ခဲ့တဲ့အတွက် အထူး ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ကိုယ်စားလှယ်ကြီးများကို ချီးကျူးဂုဏ်ယူပါကြောင်း၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံးကိုလည်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ယုံကြည်စွာ ရွေးချယ်တာဝန်ပေးခဲ့တဲ့အတွက် ချီးကျူးဂုဏ်ယူပါကြောင်း၊ တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ အစိုးရအဖွဲ့ဝင်များအားလုံးကို ယုံကြည်စွာ တာဝန်အပ်နှံခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိကိုလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်တာဝန် ယုံကြည်စွာ တာဝန်ပေးအပ်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ဝန်ကြီးချုပ်အဖြစ် အတည်ပြုထောက်ခံပေးခဲ့သည့် တိုင်းဒေသကြီးလွှတ်တော်ကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ မိမိဦးဆောင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်လာမှုအပေါ် အလေးအနက်ထားပြီး နိုင်ငံ့တာဝန်၊ ပြည်သူ့အတွက်တာဝန်များကို အစွမ်းကုန် ထမ်းရွက်သယ်ပိုးသွားမည်ဟု ကတိပြုပါကြောင်း၊ မိမိတို့အားလုံးသည် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးနိုင်ရန် စုဝေးရောက်ရှိနေကြခြင်းဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ကြရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားကို အမြဲတမ်းဦးစားပေး ဦးထိပ်ပန်ဆင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံ့တာဝန်များကို ကြိုးပမ်းထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ဥပဒေပြုရေး၊ တရားစီရင်ရေး အဖွဲ့အစည်းများနှင့် အခြေခံဥပဒေနှင့်အညီ

## ကော်မတီများဖွဲ့စည်းမှုနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

### စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ

လွှတ်တော်ဥက္ကဋ္ဌမှ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူးအဖြစ် ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အဖွဲ့ဝင်များအဖြစ်-

(၁) ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးထွန်းလွင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးခင်မောင်လွင်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဒေါ်သန်းအေး၊ မြောင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးရဲနောင်၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ကြည်း-၅၇၇၂၈၊ ဗိုလ်မှူးငြိမ်းချမ်းကို
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၉) လေ-၃၅၀၂၊ ဗိုလ်ကြီးထွန်းသန်းဝင်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့်ကတိသစ္စာပြုလွှာတွင်လက်မှတ်ရေးထိုးခြင်း



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသည့် ဦးကိုလေးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ နှင့်အညီ လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုပြီးနောက် ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပါသည်။





ယူရမည့် သက်တမ်းကာလ စတင်သည်မှ ပြီးဆုံးသည်အထိ ဒေသအကျိုး၊ ပြည်သူလူထု၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ဖြတ်သန်းခဲ့သည့် ဘဝအတွေ့အကြုံ၊ သိရှိထားသည့် ဗဟုသုတများကို ပေါင်းစပ်ပြီး လွှတ်တော်ကိုယ်စားလှယ်တာဝန်များကို ပီပီပြင်ပြင်ကျေပွန်စွာ ထမ်းဆောင်ကြစေလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုက ၎င်းတို့ကိုယ်စား လုပ်ပိုင်ခွင့်များကို ရွေးချယ်လွှဲအပ်ထားခြင်းခံရသူများဖြစ်တာကြောင့် ပြည်သူများ မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီအရေး၊ အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသော နိုင်ငံတော်သစ်ကြီးပေါ်ပေါက်လာရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်သည် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အချိန်ကာလကောင်းတစ်ခု ဖြစ်ပါကြောင်း၊ အတိတ်သည် ပစ္စုပ္ပန်ရဲ့ဆရာဖြစ်သလို ပစ္စုပ္ပန်သည်လည်း အနာဂတ်၏ ဗိသုကာဖြစ်သည်ဟူသော စကားနှင့်အညီ အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို သင်ခန်းစာယူရာတွင် ကောင်းသောအကြောင်းအရာများကို ယူဆောင်ပြီး မကောင်းသောအကြောင်းအရာများကို ချန်လှပ်ကာ ပစ္စုပ္ပန်တွင် ကောင်းမွန်စွာ ပြုပြင်လုပ်ကိုင်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများက ယုံကြည်အားကိုးပြီး ရွေးချယ်တင်မြှောက်ထားသည့်အတွက် ပြည်သူများ၏ လိုအပ်ချက်များကို စဉ်ဆက်မပြတ်လေ့လာစုံစမ်းနေပြီး မအေးချမ်း၊ မတည်ငြိမ်သေးသည့် ဒေသများကို အေးချမ်းတည်ငြိမ်အောင် မဖွံ့ဖြိုးသေးသည့် နေရာဒေသများကို ဖွံ့ဖြိုးအောင်၊ ဖွံ့ဖြိုးဆဲနေရာဒေသများကိုလည်း ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ တာဝန်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများသည် လွှတ်တော်အတွင်း ဥပဒေများရေးဆွဲ အတည်ပြုခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများကို အဆို၊ မေးခွန်းများနှင့် ဆွေးနွေးမေးမြန်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် ပြီးခဲ့သည့် လွှတ်တော်သက်တမ်းတွင် ပါဝင်ခဲ့ကြသည့် အရပ်ဖက်/တပ်ဖက် ကိုယ်စားလှယ်အချို့ ပြန်လည်ပါရှိလာသည်ကို တွေ့ရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် လွှတ်တော်အတွေ့အကြုံရှိသည့်၎င်းကိုယ်စားလှယ်များက အတွေ့အကြုံမရှိသေး သူများကို လက်တွဲခေါ်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ဒေသနှင့်ပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရန်အတွက် အတိတ်က သင်ခန်းစာများအပေါ်မူတည်ပြီး စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရာတွင် လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဘာသာအယူဝါဒများ မထားကြဘဲ နိုင်ငံရေးပါတီများ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်မှသာလျှင် လုပ်ငန်းများ အောင်မြင်နိုင်မှာ ဖြစ်ပါကြောင်း၊ ပြည်သူများ ပူးပေါင်းပါဝင်မှုမရှိလျှင် အောင်မြင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးစေမှာဖြစ်သလို မိမိတို့နယ်မြေဒေသများတွင် တည်ငြိမ် အေးချမ်းမှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေမှာ ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် တာဝန်ပေးခံရမည့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း တစ်ဖက်မှာလည်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ကျွဲကူးရေပါ ဆိုသကဲ့သို့ တစ်ပါးတည်း ပူးတွဲလုပ်ဆောင်ပေးနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ယခု ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြန်လည်စတင်လျှောက်လှမ်းနေသည့် တတိယအကြိမ်လွှတ်တော်မှသည် သားစဉ်မြေးဆက်အထိ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာရေးအတွက် လွှတ်တော်၏ အခန်းကဏ္ဍဖြစ်သည့် ဥပဒေပြုခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်း၊ ကိုယ်စားပြုခြင်းတို့နှင့်အညီ ရှေ့ဆက်လုပ်ကိုင်ရမည့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် စေတနာ၊ မေတ္တာ၊ ကိုယ်ချင်းစာတရားများ ရှေ့ထားပြီး ဆောင်ရွက်ကြဖို့နှင့် ထိုကဲ့သို့ဆောင်ရွက်ရာတွင်လည်း အသေးအဖွဲ့မရှိစေရ၊ အရာရာကို အလေးအနက်ထား ဆောင်ရွက်ရမည်။ “ **ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်”** ဆိုသည့် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ အသိဉာဏ်ပညာလက်ကိုင်ထားပြီး ဆောင်ရွက်ကြဖို့ ပြောကြားခဲ့ပါသည်။

---

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်းကြေညာပါသည်။

[တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို (၁၀း၅၅)နာရီအချိန်တွင် ရပ်နားပါသည်]

## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကျင်းပ





*တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ကို ( ၃၀- ၃ -၂၀၁၆)ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ( ၈၅) ဦးတို့ တက်ရောက်ကြပါသည်။*

### စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သက်တမ်းကာလအတွက် လွှတ်တော်ရေးရာကော်မတီ(၁၂)ခုကို ဖွဲ့စည်းဆောင်ရွက်ရန်လျာထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းမည့်လွှတ်တော်ရေးရာကော်မတီ(၁၂)ခုတွင် တစ်ဦးမကျန် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ရေးရာကော်မတီများသည် လွှတ်တော်ကျင်းပချိန်တွင် လွှတ်တော်ကို တာဝန်ခံရမည်ဖြစ်ပြီး လွှတ်တော်ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာဖြစ်ပါကြောင်း၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးကို ပေးပို့လာသည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းပေါ်မူတည်ပြီး လွှတ်တော်ဥက္ကဋ္ဌမှ အသက်အရွယ်၊ ပညာအရည်အချင်း၊ ပါတီဝင်သက်တမ်း၊ လုပ်ငန်းအတွေ့အကြုံ၊ စွမ်းဆောင်နိုင်မှု၊ လက်ရှိနေထိုင်ရာမြို့နယ်၊ မဲဆန္ဒနယ်၊ အရေးကြီးကိစ္စများအတွက် လွယ်ကူလျင်မြန်စွာ လာရောက်ပူးပေါင်းဆောင်ရွက်နိုင်မှုစသည့် အချက်အလက်များအပေါ် ထည့်သွင်းစဉ်းစားပြီး အဆင်ပြေနိုင်မည့်သူများကို တာဝန်ပေးအပ်ထားပါကြောင်း၊ ယခုလွှတ်တော်ရေးရာကော်မတီ(၄)ခုကို စတင်ဖွဲ့စည်းမှာဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အနေဖြင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေအပိုဒ်ခွဲ(က)အရ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၊ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီတို့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီး ကော်မတီ၏တာဝန်၊လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း၊ ကော်မတီတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင်ကော်မတီဝင်ဦးရေကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နည်းဥပဒေ ၆၂(ခ)အရ ရွေးချယ်သတ်မှတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကော်မတီ၏သက်တမ်းသည် လွှတ်တော်၏သက်တမ်းနှင့်အညီ(၅)နှစ်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ကော်မတီ၏သက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ်၊ အစားထိုး တာဝန်ပေးအပ်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။





## တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့)ကျင်းပ




*တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့) ကို ( ၁၀- ၄ -၂၀၂၆) ရက်နေ့ နံနက်(၁၀၀၀)နာရီအချိန်တွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ( ၈၁) ဦးတို့ တက်ရောက်ကြပါသည်။*

### ကော်မတီများဖွဲ့စည်းမှုနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

#### အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ

